ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

လူထုဗဟိုပြုစီမံကိန်း၊ ဒီးမော့ဆိုမြို့နယ်
National Community Driven Development Project
NCDDP

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်



စီစန်းခိုကျေးရွာ၊ မြလဲကျေးရွာအုပ်စု

ဒီးမော့ဆိုမြို့နယ်

၂၀၁၈ ခုနှစ်

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## စီစန်းခိုကျေးရွာ၊ မြလဲကျေးရွာအုပ်စု

### မာတိကာ


ဒီးမော့ဆိုမြို့နယ် အခြေပြမြေပုံ.....၁

မြလဲကျေးရွာအုပ်စုမြေပုံ.....၂

မြလဲကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း.....၃

ကျေးရွာလူမှုရေးအရင်းနှင့်အမြစ်ပြမြေပုံ.....၄

လူမှုရေးနှင့် အရင်အမြစ်ပြမြေပုံ သုံးသပ်ချက်.....၅

ကျေးရွာသမိုင်းအကျဉ်းချုပ်.....၆

ဥစ္စာဓနေ ကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း.....၇

ဥစ္စာဓနေကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း သုံးသပ်ချက်.....၇

ကျား/မ ပင့်ကူအိမ်.....၈

ကျား/မ ပင့်ကူအိမ် သုံးသပ်ချက်.....၉

အဖွဲ့အစည်းချိတ်ဆက်မှုပြ မြေပုံ.....၁၀

အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ သုံးသပ်ချက်.....၁၁

ရာသီခွင်ပြ ပြက္ခဒိန်.....၁၂

ရာသီခွင်ပြ ပြက္ခဒိန်သုံးသပ်ချက်.....၁၂

ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ စာရင်း/ဓာတ်ပုံ.....၁၄

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ.....၁၅

ပုံစံ - ၁။ ကျေးရွာ အခြေခံအချက်အလက်များ (PC-1).....၁၆

ပုံစံ - ၂။ စီမံကိန်းစက်ဝန်း အချိန်ဇယား (PC-2).....၁၉


ပုံစံ - ၃။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (PC-3).....၂၀

နောက်ဆက်တွဲ၊ ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ(၄).....၂၁


ကျေးရွာအစည်းအဝေးမှတ်တမ်းများ.....၂၂

လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်/အကဲဖြတ်ခြင်း လုပ်ငန်းစဉ်အကျဉ်းချုပ်.....၂၃

## ဒီးမော့ဆိုမြို့နယ် အခြေပြမြေပုံ



# မြလဲကျေးရွာအုပ်စုမြေပုံ




မြလဲကျေးရွာအုပ်စုမြေပုံ
မြောက်
တောင်
အရှေ့
အနောက်
ကျေးရွာ
အုပ်စုကျေးရွာ
ရေထွက်ပေါက်
လမ်း
နန်းစံဖုံးရေချောင်း
ဂါသောခိုရွာဟောင်း
ထီးဆိုတော်ရွာဟောင်း
စိစန်ခို
လော်ခိုသာ
လိုဘောခို
ဆိုလဖဲခို
လွိုင်နန်းဇ
တောဓခို
ထီးဆိုတော်လယ်ကု
မြလဲ
နန်းစံဖုံးရေထွက်ပေါက်
ဆီးပူတုန်
ဆီးမီဆုပိုဝ့
ဆီးမီဆိုဒါး

## မြလဲကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| စဉ် | ကျေးရွာအမည် | အိမ်ခြေ | လူဦးရေ | | |
|---|---|---|---|---|---|
| | | | ကျား | မ | စုစုပေါင်း |
| ၁ | မြလဲ | ၇၅ | ၁၈၉ | ၁၉၃ | ၃၈၂ |
| ၂ | ဆီးမီဆိုဒါး | ၅၁ | ၁၁၅ | ၁၁၆ | ၂၃၁ |
| ၃ | ဆီးမီဆိုလား | ၂၂ | ၆၀ | ၅၅ | ၁၁၅ |
| ၄ | ဆီးပူကုန်း | ၃၀ | ၈၁ | ၈၃ | ၁၆၄ |
| ၅ | လွိုင်နန်းဖ | ၃၃ | ၉၂ | ၈၅ | ၁၇၇ |
| ၆ | ဆိုလဖဲခို | ၃၀ | ၇၃ | ၇၅ | ၁၄၈ |
| ၇ | လိုဘောခို | ၃၆ | ၉၀ | ၉၃ | ၁၈၃ |
| ၈ | လော်ခိုသာ | ၂၇ | ၇၆ | ၇၅ | ၁၅၁ |
| ၉ | စီစန်းခို | ၄၁ | ၁၁၅ | ၁၁၆ | ၂၃၁ |
| ၁၀ | တေးဂေခို | ၆၁ | ၁၆၀ | ၁၅၉ | ၃၁၉ |
| ၁၁ | ထီးလယ်ကုန်း | ၂၇ | ၇၁ | ၆၈ | ၁၃၉ |
| ၁၂ | ထီးဆော်ဒေါ်ရွာဟောင်း | ၅ | ၁၀ | ၁၂ | ၂၂ |
| ၁၃ | ဝါသောခိုရွာဟောင်း | ၃၅ | ၈၇ | ၈၄ | ၁၇၁ |
| စုစုပေါင်း | | ၄၇၃ | ၁၂၁၉ | ၁၂၁၄ | ၂၄၃၃ |

## ကျေးရွာလူမှုရေးအရင်းနှင့်အမြစ်ပြမြေပုံ



*ပါဝင်ဆွေးနွေးသူ - ကျား (၁၇) + မ (၁၂) = (၂၉) ဦး*

စီစန်းခိုကျေးရွာသည်ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ မြလဲအုပ်စုတွင် ကျေးရွာ (၁၃)ရွာရှိသည့်အနက် တစ်ရွာအပါအဝင် ဖြစ်ပါသည်။ အုပ်စုကျေးရွာမှ (၃)မိုင်အကွာတွင် တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့တောင်ဘက်တွင် လော်ခိုသာကျေးရွာရှိပြီး အရှေ့မြောက်ဘက်တွင် တေးဂေခိုကျေးရွာရှိပါသည်။ အရှေ့တောင်ဘက်တွင် ယာကွက်နှင့် တောင်တန်းများတည်ရှိပြီး အနောက်ဘက်တွင် တောင်တန်းများရှိနေပါသည်။ အိမ်ခြေ (၄၁)အိမ် ရှိပြီး လူဦးရေမှာ အမျိုးသား(၁၁၅)ဦး၊ အမျိုးသမီး (၁၂၅)ဦး၊ စုစုပေါင်း(၂၄၀)ဦး ရှိပါသည်။ အမျိုးသမီးအိမ်ထောင်ဦးစီးမှာ (၃)အိမ်နှင့် အမျိုးသားအိမ်ထောင်ဦးစီးမှာ (၃၈)အိမ် ရှိပါသည်။

ကျေးရွာတွင် ရွာချင်းဆက်လမ်း(၁)လမ်း၊ ရွာကြားလမ်း(၅)လမ်းရှိပါသည်။ ရွာချင်းဆက်လမ်းမှာ ကျောက်ချောလမ်းဖြစ်ပြီး ရွာကြားလမ်းမှာ မြေသားလမ်းများ ဖြစ်ကြသည်။ သောက်သုံးရေးမှာ ကျေးလက်နှင့် ACFအဖွဲ့အစည်းမှ တည်ဆောက်ထားပေးသော မိုးရေလှောင်ကန်များ ရှိသော်လည်း ရေလုံလောက်မှုမရှိပေ။ ကျေးရွာတွင် မူလတန်းကျောင်း (၁)ကျောင်း၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်း (၁)ကျောင်း၊ အားကစားကွင်း (၁)ကွင်း၊ ရေချောင်း(၁)ချောင်း၊ ဘာသာရေးခန်းမဆောင် (၁)ဆောင်၊ ရေကန်(၁)ကန်နှင့် မူကြိုကျောင်း (၁)ကျောင်းရှိပါသည်။ မူကြိုကျောင်းမှာသစ်သားနှင့် ပြုလုပ်ထားခြင်းကြောင့် ပျက်စီးနေပါသည်။ အသစ်ပြန်လည် တည်ဆောက်ရန် လိုအပ်ပါသည်။ ကျေးရွာတွင် ဆေးပေးခန်းမရှိသောကြောင့် ကျန်းမာရေးမကောင်းသည့်အချိန်တွင် ကျေးရွာနှင့် (၂)မိုင်ဝေးသော လွိုင်နန်းဖကျေးရွာ ဆေးခန်းသို့ သွားရောက်ကုသလျှက် ရှိပါသည်။

စီစန်းခိုကျေးရွာ၏ အသက်မွေးဝမ်းကြောင်း လုပ်ငန်းမှာလယ်ယာနှင့် သီးနှံစိုက်ပျိုးခြင်းဖြစ်သည်။ လယ်ယာစိုက်ပျိုးခြင်းကို အိမ်တိုင်းလုပ်ကိုင်သော်လည်း အကုန်ကျစရိတ်များခြင်းကြောင့် အိမ်ထောင်စု အများစုမှာ တစ်နှစ်စာ ဝမ်းစာဖူလုံမှုအတွက် အခက်အခဲရှိပါသည်။ လယ်ယာစိုက်ပျိုးလုပ်ကိုင်သူများသည် သီးနှံအတွက် မြေဩဇာမထည့်နိုင်ခြင်း၊ သဘာဝမြေဆီလွှာမကောင်းခြင်း၊ ပိုးကျခြင်းနှင့်ရာသီဥတု ဖောက်ပြန်၍ ရေသွင်းမစိုက်ပျိုးရခြင်း၊ စိုက်ပျိုးရေးနည်းပညာ နားလည်မှု အားနည်းခြင်းနှင့် ကျွဲ၊နွားများ ဝင်ရောက်ဖျက်ဆီးခြင်း စသည့် အခက်အခဲများကို ကြုံတွေ့နေပါသည်။ ကျေးရွာရှိ လက်လုပ်လက်စား လုပ်ကိုင်သူများမှာ အလုပ်အကိုင် နည်းပါးခြင်းကြောင့် အခြားကျေးရွာ၊ မြို့နှင့် နိုင်ငံများသို့ အလုပ်လုပ်ကိုင်လျှက် ရှိကြပါသည်။

ထို့ကြောင့် စီစန်းခိုကျေးရွာမြေပုံကို သုံးသပ်ကြည့်ရာတွင် ကျေးရွာအတွင်း တွင် မြေသားလမ်းသာရှိ နေသောကြောင့် မြေသားလမ်းမှာ ကျောက်ချောလမ်းအဖြင့် ဆောင်ရွက်ပေးခြင်း၊ ကျေးရွာဝန်းကျင်တွင် မြေနေရာရှိသော်လည်း မြေဆီလွှာမကောင်းခြင်း၊ အရင်းအနှီးမရှိခြင်းကြောင့် အလုပ်အကိုင်ရှားပါးနေသည်ကို တွေ့နေရသဖြင့် ကျေးရွာအတွက် အလုပ်အကိုင်ဖန်တီး ပေးခြင်းဖြင့် ပိုမိုသာယာဖွံ့ဖြိုးလာသော ကျေးရွာတစ်ရွာ ဖြစ်လာမည် ဟုသုံးသပ်ရရှိပါသည်။

မှတ်တမ်းတင်သူ - ဦးတီရယ်

## ကျေးရွာသမိုင်းအကျဉ်းချုပ်

လွန်ခဲ့သောနှစ်ပေါင်း (၁၆၀၀)ခန့်မှာ တိဗက်ပြည်မှ ဆင်းသက်လာသော လူမျိုးစု(၄)စု မှ အိမ်ထောင်စု (၄)စု ဖြစ်သည်။ မျိုးနွယ်စုတို့ ပူးပေါင်းပြီး ကျေးရွာ(၁)ရွာ အနေဖြင့် တည်ထောင်ကာ နေထိုင်ခဲ့ကြသည်။ ၄င်းမျိုးနွယ်စု(၄)စု၏ အမည်မှာ

(၁) လာပလန်မျိုးနွယ်စု

(၂) သောင်းမျိုးနွယ်စု

(၃) မဒိုမျိုးနွယ်စု

(၄) ပလောင်မျိုးနွယ်စုတို့ဖြစ်သည်။ ထိုအချိန်တွင် ရွာအမည်မရှိခဲ့ပေ။

ကျေးရွာတွင်းရှိရွာသူ/သားများသည်မိုးခေါင်ရေရှားသောအချိန်နှင့် ကြုံတွေ့ခဲ့ပါသည်။ ရေရရှိရေး အတွက် အားလုံးကရှာဖွေခဲ့ကြပါသည်။ ရေကိုရှာဖွေရင်းကျောက်ကမ်းပါးမှ အနည်းငယ် စီးဆင်းလာသော ကျောက်စိမ့်ကျရေကိုတွေ့ရှိပြီးသောက်သုံးရေအဖြစ် အသုံးပြုခဲ့ပါသည်။ ထိုကျောက်စိမ့်ကျရေကို သောက်သုံး ရခြင်းအားဖြင့် ကျေးရွာအမည်ကို “စီစန်းခို” ဟုမှည့်ခေါ်ကြသောကြောင့် ယနေ့အထိဆက်လက် ခေါ်ဝေါ်ကြပါသည်။ စီစန်းခို၏ အဓိပ္ပါယ်မှာ ကယန်းဘာသာစကားဖြင့် “ကျောက်ကမ်းပါး၌ရရှိသော ကျောက် စိမ့်ရေ’’ ဟူ၍ဖြစ်သည်။

ကျေးရွာတွင် နှစ်ပေါင်းများစွာ စုပေါင်းနေထိုင်ကြပြီး လူဦးရေမှာ များပြားလာပါသည်။ ထိုအချိန်တွင် ကျေးရွာတွင် အပျိုစင်အမျိုးသမီးတစ်ဦးရှိလေသည်။ ထိုအမျိုးသမီးသည် စိတ်သဘောထား ကောင်း၍ ရိုးသားဖြောင့်မတ်သောသူဖြစ်သည်။ အမျိုးသားများနှင့် ပေါင်းသင်းခြင်းမရှိခဲ့ပေ။ သို့သော် ထိုအမျိုးသမီးမှာ ကိုယ်ဝန်ရှိလာခဲ့ပြီး လူစွမ်းကောင်း သားယောကျ်ားလေးတစ်ဦးကို ဖွားမြင်လာခဲ့ပါသည်။ ထိုကလေး၏ အမည်ကို “ကောင်မအီး” ဟုခေါ်ကြပါသည်။

၁၆၀၀ခုနှစ်မှ ၁၇၀၀ခုနှစ်အထိတွင် အိမ်ခြေပေါင်း(၃၀၀)ကျော်ရှိခဲ့ပါသည်။ အိမ်ခြေတိုးလာသော ကြောင့် လူဦးရေမှာလည်းတိုးလာပြီး တစ်ဦးကိုတစ်ဦး ချစ်ချစ်ခင်ခင်နှင့် နေထိုင်ခဲ့ကြပါသည်။ သို့သော် ပညာရေးတွင်သော်လည်းကောင်း၊ ကျန်းမာရေးတွင်သော်လည်းကောင်း အားနည်းပြီး အသိတရားလည်းမရှိခဲ့ပေ။ ထိုအချိန်တွင် မမျှော်လင့်ပဲ ဝမ်းရောဂါကျရောက်ကာ အချင်းချင်း ကူးစက်ပြီး လူပေါင်းများစွာ သေဆုံးကြလေသည်။ အချို့မှာ အခြားကျေးရွာ/နေရာသို့ ပြောင်းရွှေ့ကာ နေထိုင်ခဲ့ကြပါသည်။

၁၈၅၀ခုနှစ်တွင် စီစန်းခိုကျေးရွာတွင် အိမ်ခြေ(၅)လုံးသာကျန်ရှိခဲ့ပါသည်။ ထိုအချိန်တွင် ကျေးရွာရှိရွာသူ/သားများသည် မီးရိုးဖလာအတိုင်းတံခွန်တိုင်ကို ယုံကြည်ကိုးကွယ်ခဲ့ကြပါသည်။ ၁၉၃၉ခု နှစ်တွင် နှစ်ခြင်းခရစ်ယာန်ဘာသာကိုယုံကြည်ကိုးကွယ်ခဲ့ကြပါသည်။

ယခုချိန်တွင် စီစန်းခိုကျေးရွာသည် အိမ်ခြေ(၄၁)လုံးရှိပြီးလူဦးရေးမှာအမျိုးသား(၁၁၅)ဦး၊ အမျိုး သမီး(၁၂၅)ဦး၊ စုစုပေါင်း(၂၄၀)ဦးရှိပါသည်။ အမျိုးသမီးအိမ်ထောင်ဦးစီးမှာ(၃)အိမ်နှင့် အမျိုးသားအိမ် ထောင်ဦးစီးမှာ(၃၈)အိမ် ရှိပါသည်။ လူမျိုးမှာကယန်းလူမျိုးဖြစ်ကြပြီး ခရစ်ယာန်ဘာသာကိုကိုး ကွယ်ကြပါသည်။ အသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာစိုက်ပျိုးမွေးမြူရေး ဖြစ်ပါသည်။

မှတ်တမ်းတင်သူ - ဦးတီရယ်

## ဥစ္စာဓန ကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း

| အဆင့် | သတ်မှတ်ချက်များ | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| A | တိုက် (၂)ထပ် ၊ စက် (၂)စီးအထက် ၊ နွား (၁၀)ကောင်အထက် ၊ လယ် (၈)ဧက အထက် ၊ ယာ (၈)ဧက ၊ ဝက် (၂)ကောင်ကျော် ၊ ဆိုင်ကယ် (၂)စီး အထက် ၊ (၇၂) လအထက် ထမ်းစာရှုလုံသူ။ | ၃ | ၇.၃% |
| B | ပျဉ်ထောင် အိမ်၊ စက် (၁)စီး ၊ နွား (၅)ကောင်ထက် ၊ လယ် ၄-၈ဧက ယာ (၄)ဧက ၊ ဝက် (၁)ကောင် ၊ ဆိုင်ကယ် (၁) စီး ၊ ထမ်းစာ ငွေ... အထက် ရှုလုံသူ | ၁၀ | ၂၄.၃% |
| C | သက်ကယ် အိမ် ၊ နွား (၂)ကောင် ၊ လယ် (၂)ဧက အောက် ၊ ယာ (၂)ဧက အောက် ၊ ထမ်းစာ (၅)လအောက်ရှုလုံသူ ၊ ဆိုင်ကယ် (၁)စီး | ၂၃ | ၅၆.၁ % |
| D | ဝါးထရံ အိမ် ၊ အိမ်ခြံ (၁)ဧက၊ ထမ်းစာရှုလုံမှု (၂)လအောက် | ၅ | ၁၂.၂ % |

*ပါဝင်ဆွေးနွေးသူ - ကျား (၁၇) + မ (၁၂) = (၂၉) ဦး*

### ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း သုံးသပ်ချက်

စီစန်းခိုကျေးရွာတွင် အိမ်ခြေ(၄၁)လုံးရှိသည့်အနက် အဆင့်(A)တွင် အိမ်ထောင်စု(၃)စု၊ အဆင့်(B)တွင် အိမ်ထောင်စု(၁၀)စု၊ အဆင့်(C)တွင် အိမ်ထောင်စု(၂၃)စု၊ အဆင့်(D)တွင် အိမ်ထောင်စု(၅)စုရှိပါသည်။


အဆင့်(A)အိမ်ထောင်စုများ၏ အဓိကလုပ်ကိုင်စားသောက်သော အရာများမှာ လယ်ယာ၊ တောင်ယာများ ဖြစ်သော်လည်း ထိုသူတို့သည် အရင်းအနှီးရှိ၍ မြေဩဇာများထည့်နိုင်ခြင်း အလုပ်သမား ငှားရမ်းခေါ်ယူနိုင်ခြင်းတို့ကြောင့် စိုက်ပျိုးသီးနှံများပိုမိုထွက်ရှိ၍ စားဝတ်နေရေးပိုမိုအဆင်ပြေစေပါသည်။ အဆင့် (B) ၏ အိမ်ထောင်စုများသည် လယ်ယာ၊တောင်ယာများ လုပ်ကိုင်စားသောက်ကြသော်လည်း လယ်ယာမြေပိုင် ဆိုင်မှုအားနည်းခြင်း ၊အရင်းအနှီးအားနည်းခြင်းကြောင့် သီးနှံထွက်သင့်သလောက် မထွက်နိုင်ခဲ့ပေ။ ထိုအိမ်ထောင်စုများ၏ တစ်နှစ်တာခန်းမှန်းဝင်ငွေမှာ သိန်း(၂၀)အောက်ဖြစ်ပါသည်။ အဆင့်(C)တွင်ရှိသော အိမ်ထောင်စုများသည် တောင်ယာလယ်ယာအနည်းငယ်သာရှိခြင်း အရင်းအနှီး မရှိခြင်းတို့ကြောင့် အလုပ်သမားများ မခေါ်ယူနိုင်ခြင်းနှင့် စိုက်ပျိုးရေးနည်းပညာများ နားလည်းမှု အားနည်းခြင်း တို့ကြောင့်စိုက်ပျိုး သီးနှံများအနည်းငယ်သာ ထွက်ရှိခဲ့ပါသည်။ ထိုအိမ်ထောင် စုများ၏တစ်နှစ်သာခန်းမှန်းဝင်ငွေမှာ (၁၀)သိန်း အောက်ဖြစ်ပါသည်။ အဆင့်(D) အိမ်ထောင်စုများသည် လယ်ယာများ မရှိသဖြင့် စားဝတ်နေရေးအဆင်ပြေ သောသူများထံ အလုပ်များသောအချိန်တွင် နေ့စားတစ်ရက်ကို (၅၀၀၀)လိုက်ခြင်း၊ ကျေးရွာအနီးရှိတောများသို့ သစ်ဥ သစ်ဖုများ သွားရောက်ရှာဖွေ

ရောင်းစားခြင်းနှင့် အခြားပြည်ပကျေးရွာများထံသို့ အလုပ်ရှိသော အချိန်တွင်သွားရောက်လုပ်ကိုင်ခြင်းဖြင့် အသက်မွေးလုပ်ကိုင်စားသောက်နေကြပါသည်။

ထို့ကြောင့် စီစန်းခိုကျေးရွာတွင် အဆင့်(A)တွင်ရှိသော အိမ်ထောင်စုမှာ နည်းပါးသောကြောင့် ကျေးရွာ၏ ဖွံ့ဖြိုးရေးမှာ နေ့င့်နေးမှုရှိသလို အဆင်မပြေသော အိမ်ထောင်စုများအတွက် အလုပ်အကိုင် ဖန်တီးပေးမှုများ အားနည်းနေသဖြင့် အခြားသော အဖွဲ့အစည်းများ အနေဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပါက တစ်ရွာလုံး စားဝတ်နေရေး အဆင်ပြေမည်ဟု သုံးသပ်ရရှိပါသည်။

မှတ်တမ်းတင်သူ - ဦးတီရယ်

## ကျား/မ ပင့်ကူအိမ်



*ပါဝင်ဆွေးနွေးသူ - ကျား (၁၇) + မ (၁၂) = (၂၉) ဦး*

## ကျား/မ ပင့်ကူအိမ် သုံးသပ်ချက်


စီစန်းခိုကျေးရွာ ပင့်ကူအိမ်သုံးသပ်ခြင်းတွင် အချက်(၉)ချက် ရှိပါသည်။ ၎င်းတို့မှာ ပညာသင်ကြားခွင့်၊ အလုပ်အကိုင်အခွင့်အလမ်း၊ ဝင်ငွေရရှိမှု၊ ဦးဆောင်ပိုင်ခွင့်၊ အိမ်မှုကိစ္စ၊ အမွေရပိုင်ခွင့်၊ လုံခြုံမှု၊ ဆုံးဖြတ်ပိုင်ခွင့်၊ ပညာရေးအဆင့်အတန်းတို့ဖြစ်သည်။

ပညာသင်ကြားခွင့်တွင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူအခွင့်အရေးမရှိပေ။ ပညာရေးတွင် အမျိုးသားများကိုသာ ဦးစားပေးသည်ကို တွေ့ရပါသည်။ အမျိုးသမီးများသည် အိမ်မှုကိစ္စများတွင် သာအချိန်ကုန်နေသောကြောင့် အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေရရှိမှု နည်းပါးခြင်းဖြစ်သည်။ အဘယ် ကြောင့်ဆိုသော် အိမ်မှုကိစ္စလုပ်ငန်းများသည် ဝင်ငွေမရရှိပေ။ အမျိုးသမီးများသည် အိမ်ပြင်အလုပ်နှင့် အိမ်တွင်အလုပ်များကိုလုပ်ကိုင်ရပါသည်။ အမျိုးသားများသည် စာဝတ်နေရေးအတွက် ဝင်ငွေရှာခြင်းကြောင့် အိမ်မှုကိစ္စများတွင် မကူနိုင်ပေ။ အချို့သောအိမ်ထောင်စုသာလျှင် ကူညီကြသည်။ ဦးဆောင်ပိုင်ခွင့်တွင် အမျိုးသမီးများ၏ ဦးဆောင်မှုမှာအားနည်းနေပါသည်။ ရှေးအစဉ်အလာအရ အမျိုးသားများသာဦးဆောင်၍ အမျိုးသမီးများမှာ နောက်လိုက်သာ ဖြစ်ခဲ့ရသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် အမျိုးသမီးများသည် ရှေ့ထွက်ပြီးစကားပြောဆိုရန် ခက်ခဲခြင်း၊ မိမိကိုယ်ကိုယ်ယုံကြည်မှု အားနည်းခြင်းဖြစ်သည်။ အမွေရပိုင် ခွင့်တွင် ရှေးအစဉ်အလာအရ အမျိုးသားများသာ အမွေကိုရရှိကြပါသည်။ အမွေရရှိသော အမျိုးသမီးများမှာ အလွန်နည်းပါးလှပါသည်။ ကျေးရွာတွင်းတွင် အမျိုးသမီးအတွက် လုံခြုံသော်လည်း ကျေးရွာပြင်ပ သွားလာရေးတွင် အမျိုးသမီးများ အတွက် လုံခြုံမှုမှာ အားနည်းပါသည်။ သို့သော် ညဘက်တွင် အမျိုးသမီးတစ်ဦးတည်း အပြင်မထွက်ရဲပေ။ ဆုံးဖြတ်ပိုင်ခွင့်တွင် အများအားဖြင့် အမျိုးသားများသာ ဆုံးဖြတ်ချက်ချလေ့ရှိသည်။ အမျိုးသမီးများသည် မိမိကိုယ်ကိုယ်ယုံကြည်မှု မရှိခြင်း၊ မပြောမဆိုရဲခြင်းကြောင့် ဆုံးဖြတ်ချက်ချရာတွင် ပါဝင်မှု အားနည်းနေပါသည်။ ပညာရေးအဆင့်အတန်းတွင် အမျိုးသမီးများသည် မိသားစု၏ စားဝတ်နေရေးကြောင့် ပညာကိုဆုံးခန်းတိုင်အောင် သင်ကြားနိုင်ရန် ခက်ခဲပါသော်လည်း ရရှိလာသော အခွင့်အရေးကို လက်လွှတ်မခံဘဲ ဖွဲ၊ လုံ့လ၊ ဝီရိယနှင့် ကြိုးစားအားထုတ်သောကြောင့် အမျိုးသားများထက် သာခဲ့ရပါသည်။

ထို့ကြောင့် ပင့်ကူအိမ်သုံးသပ်ရာတွင် ပညာရေးအဆင့်အတန်းနှင့် အိမ်မှုကိစ္စမှာသာလျှင် ပိုများနေပြီး အခြားသောအခွင့်အရေးများသည် အမျိုးသားများ သာနေသဖြင့် အမျိုးသားဘက်မှ အမျိုးသမီးများ ပါဝင်လာအောင် ဝိုင်းဝန်းကူညီ ဆွဲခေါ်မည်ဆိုပါက ပိုမိုသာယာဖွံ့ဖြိုးသော ကျေးရွာတစ်ရွာ ဖြစ်လာမည်ဟုသုံးသပ် ရရှိပါသည်။

မှတ်တမ်းတင်သူ - ဦးတီရယ်

အဖွဲ့အစည်းချိတ်ဆက်မှုပြ မြေပုံ



ပါဝင်ဆွေးနွေးသူ - ကျား (၁၇) + မ (၁၂) = (၂၉) ဦး


စီစန်းခိုကျေးရွာတွင် အဖွဲ့အစည်း(၁၆)ဖွဲ့ ရှိပါသည်။ ၄င်းတို့မှာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ အုပ်စုအုပ်ချုပ်ရေးမှူးအဖွဲ့၊ ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့၊ ပညာရေးကော်မတီ၊ မူကြိုကော်မတီ၊ အသင်းတော်ကော်မတီ၊ လူငယ်ဌါန၊ အမျိုးသားဌါန၊ အမျိုးသမီးဌါန၊ ဓမ္မပညာဌါန၊ ဖွံ့ဖြိုးရေးကော်မတီ၊ လူငယ်လူမှုရေး၊ စပါးဘဏ်ကော်မတီ၊ လူထုဗဟိုပြုကော်မတီ၊ ဘာသာရေးအုပ်စု၊ ဘာသာရေးဌါနချုပ် တို့ဖြစ်ပါသည်။

အုပ်ချုပ်ရေးမှူးအဖွဲ့များသည် ကျေးရွာပြဿနာများကို ကြီးသောအမှုမှ ငယ်အောင် ငယ်သောအမှု များကို ပပျောက်အောင်နှင့် ကျေးရွာ၏ သာရေး၊ နာရေး၊ ဖွံ့ဖြိုးရေးကိစ္စများတွင် ဦးဆောင်သော အဖွဲ့များ ဖြစ်ပါသည်။ ကျေးရွာသူ/သားများ စည်းလုံးညီညွတ်မှုရှိအောင် စည်းရုံးကူညီခြင်းဖြစ်သည်။ အသင်းတော် ကော်မတီ၊ လူငယ်ဌါန၊ အမျိုးသားဌါန၊ အမျိုးသမီးဌါန၊ ဓမ္မပညာဌါန၊လူငယ်လူမှုရေး၊ဘာသာရေးအုပ်စု၊ ဘာသာရေး ဌါနချုပ်အဖွဲ့တို့သည် ဘာသာရေးအဖွဲ့များ ဖြစ်ကြပါသည်။အမျိုးသမီးဌါန၊ အမျိုးသားဌါန၊ လူငယ်အဖွဲ့ တို့သည်လည်း ကျေးရွာ၏ သာရေး၊ နာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် တက်ကြွစွာပါဝင်မှု ရှိပါသည်။ ဓမ္မပညာဌါနသည် ကလေးသူငယ်များလိမ္မာရေးခြားရှိရန်၊ ဘုရားတရားရှိရန် သင်ကြားပေး သောအဖွဲ့ ဖြစ်သည်။ ကလေးသူငယ်များသည် အနာဂတ်ခေါင်းဆောင်များဖြစ်သည့်အား လျော်စွာကျေးရွာ လူထုအ တွက် အရေးကြီးသောအဖွဲ့ဖြစ်ပါသည်။ ပညာရေးကော်မတီနှင့် မူကြိုကော်မတီတို့သည့် ကလေးများ၏ ပညာရေးအတွက် ပါဝင်ဆောင်ရွက်သောအဖွဲ့များ ဖြစ်ကြသည်။ စပါးဘဏ်ကော်မတီသည် ACF အဖွဲ့မှ လာရောက် ဖွဲ့စည်းပေးသောအဖွဲ့ ဖြစ်ပါသည်။ ထိုအဖွဲ့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ပါဝင်ကူညီဆောင်ရွက်လျှက်ရှိပါသည်။ လူထုဗဟိုပြုကော်မတီသည် ကျေးရွာ၏လိုအပ်ချက်များဖြစ်သော အဆောက်အဦး၊ လမ်း၊ တံတားစသည်တို့ကိုကျေးရွာလူထုကိုယ်တိုင် မိမိတို့၏ အဓိကလိုအပ်ချက်များ ကိုဖော်ထုတ်ခြင်း၊ ကိုယ်တိုင် အကောင်အထည်ဖော်ခြင်းနှင့် ကိုယ်တိုင်ပြုပြင်ထိန်းသိမ်းစေသော ဖွံ့ဖြိုးရေးအဖွဲ့ ဖြစ်ပါသည်။ ကျေးရွာတွင်းရှိအဖွဲ့အစည်းများနှင့် ကျေးရွာပြင်ရှိအဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ချိတ်ဆက်မှုရှိပြီးကျေးရွာလူထုအတွက် အရေးပါပါသည်။

ထိုကြောင့် စီစန်းခိုကျေးရွာ၏အဖွဲ့အစည်းချိတ်ဆက်ပုံကို သုံးသပ်ရာတွင်ကျေးရွာအုပ်ချုပ်ရေး မှူးသည် အဓိကအရေးပါသောအဖွဲ့ဖြစ်ပြီး ကျေးရွာတွင်း အဖွဲ့များအားလုံးသည် အချင်းချင်း ချိတ်ဆက်နေကြသည်ဟု သုံးသပ်ရရှိပါသည်။

မှတ်တမ်းတင်သူ - ဦးတီရယ်

## ရာသီခွင်ပြ ပြက္ခဒိန်



*ပါဝင်ဆွေးနွေးသူ - ကျား (၂၄) + မ (၂၄) = (၄၈) ဦး*

## ရာသီခွင်ပြ ပြက္ခဒိန်သုံးသပ်ချက်

စီစန်းခိုကျေးရွာ၏ အဓိကစီးပွားရေးနှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ လယ်ယာလုပ်ငန်း လုပ်ကိုင်ခြင်း ဖြစ်သည်။ အိမ်ထောင်စု (၃၆)အိမ်မှာ လယ်ယာလုပ်ငန်းနှင့် ခြံစိုက်ပျိုးခြင်းများ လုပ်ကိုင်ကြပါသည်။ အိမ်ထောင်စု(၅)အိမ်မှာလယ်ယာမဲ့ များဖြစ်ပြီး အဆင်ပြေသောသူများထံ နေ့စားလုပ်သား များလုပ်ခြင်း၊ ကျေးရွာအနီးနားဝန်းကျင်ရှိတောင်ယာများလုပ်ကိုင်စားသောက်ခြင်းဖြင့် လုပ်ကိုင်စားသောက် ကြပါသည်။

စီစန်းခိုကျေးရွာတွင် ဒီဇင်ဘာလတွင် ကြက်သွန်စိုက်ပျိုးပြီးမတ်လတွင် ကြက်သွန်နုတ်ပါသည်။ ဧပြီလနှင့် မေလတို့တွင် ပဲတီစိမ်းနှင့် ပြောင်းဖူးကိုစိုက်ပျိုးပြီးဇူလိုင်လနှင့် ဩဂုတ်လတွင် ရိတ်သိမ်းပါသည်။ စက်တင်ဘာလနှင့် အောက်တိုဘာလတွင် ပြောင်းဖူးချိုးပါသည်။ ဇွန်လတွင် နှမ်းကြဲခြင်းနှင့် ကြံ့ပက်ခြင်း ပြုလုပ်ပြီးအောက်တိုဘာလတွင် နှမ်းရိတ်သိမ်းပါသည်။ ဇူလိုင်လတွင် စပါးစိုက်ပျိုးပြီး နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် စပါးရိတ်သိမ်းပါသည်။ပွဲလမ်းသဘင်ကျင်းပချိန်သည် ဒီဇင်ဘာတွင် ခရစ္စမတ်ပွဲ၊ ဇန်နဝါရီလတွင် နှစ်သစ်ကူးပွဲ၊ မတ်လတွင် ဘာသာရေးနယ် အစည်းအဝေးပွဲကြီးနှင့် ဧပြီလတွင် အသင်းတော်နေ့ စသည်တို့ဖြစ်သည်။ရာသီဉတုအခြေအနေမှာဒီဇင်ဘာလမှ ဖေဖော်ဝါရီလအထိတွင် အေးမြပြီး မြူနှင်းများကျရောက်သောအချိန်ဖြစ်သည်။ မတ်လ၊ ဧပြီလတွင် အလွန်ပူပြင်းပြီး လေပြင်း မုန်တိုင်းတိုက်ခိုက်လေ့ရှိပါသည်။ဧပြီလတွင် သကြံန်မိုးနှင့် မေလတွင် မိုးအနည်းငယ် ရွာသွန်းပါသည်။ ဇွန်လမှ စက်တင်ဘာလအထိတွင် တိမ်ထူထပ်ပြီးမိုးများသောအချိန်ဖြစ်သည်။ အောက်တိုဘာနှင့် နိုဝင်ဘာလတွင် အေးပြီးမိုးအနည်းငယ် ရွာသွန်းနိုင်ပါသည်။ ဝင်ငွေရှိသောအချိန်သည် ဇွန်၊ ဇူလိုင်နှင့် ဒီဇင်ဘာလတို့ဖြစ်သည်။ ထိုအချိန်တွင် ခြံထွက်သီးနှံ၊ စပါးရောင်းချခြင်းကြောင့်ဖြစ်သည်။ ရွာတွင်းလမ်းမှာမြေသားလမ်းဖြစ်သောကြောင့် မိုးရာသီတွင် သွားလာရခက်ခဲပါသည်။ ဇွန်လမှ ဩဂုတ်လအထိဖြစ်သည်။ ကျေးရွာရှိရွာသူ/သားများ၏ အားလပ်ချိန်သည် ဇန်နဝါရီလမှ မတ်လအထိဖြစ်ပါသည်။ ကျေးရွာလူထုများသည် တွင်းရေကိုအဓိကအသုံးပြုပါသည်။ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတွင် စတင်ကာရေရှားလာပြီးမတ်လ၊ ဧပြီလ၊မေလတို့တွင် ရေအရှားပါးဆုံး အချိန်ဖြစ် ပါသည်။ထိုအချိန်တွင် ကျေးရွာ၏ အရှေ့ဘက် (၁)မိုင်ခန့်ကွာဝေးသော သွားရောက်ခပ်ယူရပါသည်။ ရာသီပြောင်း လဲကာလဖြစ်သော နိုင်ဝင်ဘာလ၊ ဒီဇင်ဘာလ၊ ဇန်နဝါရီလ၊ ဧပြီလ၊ မေ၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများတွင် ကျန်းမာရေးမကောင်းသည့်အချိန်ဖြစ်ပါသည်။ ထိုအချိန်တွင် နှာစေး၊ ချောင်းဆိုးခြင်းနှင့် ဝမ်းပျက်ဝမ်းလျှော ဖြစ်ကြပါသည်။ ဝမ်းပျက်ဝမ်းလျှောသည် (၅)နှစ်အောက် ကလေးငယ်များ အဖြစ်များဆုံးဖြစ်သည်။ သို့ဖြစ်ပါ၍ ထိုအချိန်တွင် ဆေးကုသပ်ခံယူနိုင်ရန်အတွက် ဆေးဝါးများ ထောက်ပံ့ပေးပါက ကျန်းမာရေးအတွက်စိတ်ချရ သည်ဟုသုံးသပ်ရရှိပါသည်။

မှတ်တမ်းတင်သူ - ဦးတီရယ်

## ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ စာရင်း/ဓာတ်ပုံ

| စဉ် | အမည် | ကျား/မ | ရာထူး |
|---|---|---|---|
| ၁ | ဦးဒါနီယေးလာ | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ |
| ၂ | ဒေါ်စေးမေထူး | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ ၊ ဥက္ကဌ |
| ၃ | ဦးမြအေး | ကျား | ဝယ်ယူရေးဆပ်ကော်မတီ (ခေါင်းဆောင်) |
| ၄ | ဦးပီတာဝင်း | ကျား | ဝယ်ယူရေးဆပ်ကော်မတီ |
| ၅ | ဒေါ်နော်အယ်ဗီးရှာ | မ | ဝယ်ယူရေးဆပ်ကော်မတီ |
| ၆ | ဦးနေထူး | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ (ခေါင်းဆောင်) |
| ၇ | ဦးနေဝင်း | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ |
| ၈ | ဦးမေးလို | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ |
| ၉ | ဦးစံထူး | ကျား | လုပ်ငန်းလည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၁၀ | ဒေါ်အယ်ဘလုစေး | မ | လုပ်ငန်းလည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၁၁ | ဒေါ်ကလဲဒေ | ကျား | လုပ်ငန်းလည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၁၂ | ဦးနေဝင်း | မ | ဝေဖန်အကြံပြုကိုယ်စားလှယ် |
| ၁၃ | ဦးစောဇလေယာ | ကျား | ဝေဖန်အကြံပြုကိုယ်စားလှယ် |
| ၁၄ | ဒေါ်ကျူးကျူ | မ | ကျေးရွာစားရင်းကိုင် |
| ၁၅ | ဦးဂျော့စ်မေထူး | ကျား | ကျေးရွာစေတနာ့ဝန်ထမ်း |
| ၁၆ | ဒေါ်အဲလစ်စဘက် | မ | ကျေးရွာစေတနာ့ဝန်ထမ်း |



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ





## ပုံစံ - ၁။ ကျေးရွာ အခြေခံအချက်အလက်များ (PC-၁)

### ပုံစံ - ၈ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။

| | | |
|---|---|---|
| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် ဦး [illegible] | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် ဦး တီရယ် |
| ပြည်နယ်၊တိုင်းဒေသကြီး ကယား / မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု မြှလဲ | ကျေးရွာ ဗီစန်း ဦ |

(က)။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကယန်း | ၄၁ | ဘာသာ (၁) ခရစ်ယာန် | ၄၁ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစု (၄) ------------ | | | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၃ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၉ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁) ကယန်း | ၁၁၅ | ၁၁၆ |
| လူမျိုးစု (၂) ------------ | | |
| လူမျိုးစု (၃) ------------ | | |
| လူမျိုးစု (၄) ------------ | | |
| လူမျိုးစု (၅) ------------ | | |
| အိမ်ထောင်ဦးစီး | ၃၈ | ၃ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☐ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☐ |
| | မူလတန်းကျောင်း | ☑ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☑ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☑ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☑ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် [illegible] | | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမားရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☑ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း ✓ | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လှည်းသွားလမ်း | အခြား ____________ |

လူထုဗဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ~~ရှိပါသည်~~ (circled) /မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ် 2010 /မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၂ /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၂၀ မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျှင်/လှေ/မော်တော်ဘုတ်/ အခြား ----------------

မိုးရာသီတွင်ကြာချိန် ၃၀ မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျှင်/လှေ/မော်တော်ဘုတ်/ အခြား ----------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

□ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ [illegible]

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

(၂) ACF ၊ [illegible] ကော်မတီ

ကျေးရွာခေါင်းဆောင် အမည် [illegible]

လက်မှတ် [signature] နေ့စွဲ 26.10.2017

လူထုစည်းရုံးရေးမှူး အမည် [illegible]

လက်မှတ် [signature] နေ့စွဲ 26.10.2017

## ပုံစံ - ၂။ စီမံကိန်းစက်ဝန်း အချိန်ဇယား (PC-၂)

ပုံစံ - စ -၂- စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | |
|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/ လက်ထောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးကိုရယ် | |
| နေ့စွဲ ၂၆.၁၀.၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပါ ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း (၄) |
| ပြည်နယ်/တိုင်း ကယား / မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု မြလဲ / ကျေးရွာ ဖိုစန်းခို |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၆.၁၀.၂၀၁၇ | ၂၆.၁၀.၂၀၁၇ | ၁၇ | ၁၂ | ၂၉ | ၁ ကယန်း |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၆.၁၀.၂၀၁၇ | ၂၆.၁၀.၂၀၁၇ | ၁၇ | ၁၂ | ၂၉ | ၁ ကယန်း |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁၄.၁၁.၂၀၁၇ | ၁၄.၁၁.၂၀၁၇ | ၁၇ | ၁၃ | ၃၀ | ၂ ကယန်း ကချင် |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | |

## ပုံစံ - ၃။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (PC-၃)

### ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| **လမ်းညွှန်ချက်။** အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးတိုးယ | | | |
| နေ့စွဲ ၂၆.၁၀.၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☑ စက်ဝန်း(၃) ☐ စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု မြလဲ | ကျေးရွာ စီစန်း ၃ |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | နွေရာသီတွင်ရေ အခက်အခဲ | ၁ | ကုန်ဈေးနှုန်း တက်ညီမြင့်သည့် အခက်အခဲ |
| ၂ | ဒေသထွက်သီးနှံ ဈေးကွက်မရှိသော အခက်အခဲ | ၂ | စားဝတ်နေရေး အခက်အခဲ |
| ၃ | ရွာချင်းဆက်လမ်း မကောင်းသည့် အခက်အခဲ | ၃ | အသက်မွေးဝမ်းကြောင်း ပညာမရှိသည့် အခက်အခဲ |
| ၄ | စားဝတ်နေရေး အခက်အခဲ | ၄ | သောက်သုံးရေ အခက်အခဲ |
| ၅ | အလုပ်အကိုင် အခွင့်အလမ်း မရှိသည့် အခက်အခဲ | ၅ | ရွာတွင်းလမ်း ဆက်သွယ်ရေး အခက်အခဲ |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | ရေခပ်လမ်း ကောင်းမွန်လာမည် | ၁ | ရွာတွင်း အစိမ်းစိုတွင်း ရှိလာမည် |
| ၂ | အိမ်တိုင်း ပညာရေးတိုးတက်လာမည် | ၂ | ရွာတွင်း ကတ္တရာလမ်း ရှိလာမည် |
| ၃ | စံပြကျေးရွာ ဖြစ်လာမည် | ၃ | လူငယ်များ ကိုယ်ပိုင် အလုပ်အကိုင် ရှိလာမည် |
| ၄ | စားဝတ်နေရေး အဆင်ပြေလာမည် | ၄ | သောက်သုံးရေ အဆင်ပြေလာမည် |
| ၅ | ရွာတွင်း ကတ္တရာလမ်း ဖြစ်လာမည် | ၅ | ဆေးပေးခန်း ရှိလာမည် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | ရေပိုက်သွယ်တန်းခြင်း | ကျား + မ | | ၂၃၁ |
| ၂ | ရွာတွင်း ကျောက်ချောလမ်း | ။ | | ၂၃၁ |
| ၃ | စာကြည့်တိုက် | ။ | | ၂၃၁ |
| ၄ | ဝန်ထမ်း အိမ်ရာ | ။ | | ၂၃၁ |
| ၅ | ရေခပ် ကျောက်ချောလမ်း | ။ | | ၂၃၁ |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | လျှပ်စစ်မီး တစ်ရွာလုံး ရရှိရေး | အမျိုးသား | လျှပ်စစ်မီး |
| ၂ | အသက်မွေးဝမ်းကြောင်း အတတ်ပညာသင်တန်း (လက်သမား၊ ပန်းရံ၊ ဆံပင်) | အမျိုးသား | ပညာရေး |
| ၃ | ရွာချင်းဆက် ကတ္တရာလမ်း | အမျိုးသမီး | လမ်း |
| ၄ | ဒေသထွက်သီးနှံ ဈေးကွက်ကောင်း | အမျိုးသမီး | အသက်မွေးဝမ်းကြောင်း |
| ၅ | ဖော်ဆောင်ပေးရန် တစ်နိုင်တစ်ပိုင် ဈေးဆိုင်လုပ်ငန်းရန် အရင်းအနှီး ထုတ်ချေးခြင်း | ။ | ။ |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည် ဦးအားရီထူး လက်မှတ် [signature] နေ့စွဲ ၂၆.၁၀.၂၀၁၇

# နောက်ဆက်တွဲ(၄)၊ ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

မှုရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | စာကြည့်တိုက် | ☑ မ ☑ ကျား | | |
| | ၂ | ဝန်ထမ်း အိမ်ယာ | ☑ မ ☑ ကျား | | |
| | ၃ | [illegible] | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိုက်ပျိုးရေး | ၁ | [illegible] | ☐ မ ☑ ကျား | | |
| | ၂ | [illegible] | ☑ မ ☐ ကျား | | |
| | ၃ | [illegible] | ☑ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | [illegible] | ☑ မ ☑ ကျား | | |
| | ၂ | [illegible] | ☑ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ပညာရေး | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ ကျား | | |
| အခြား | ၁ | [illegible] | ☑ မ ☑ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |

## ကျေးရွာအစည်းအဝေးမှတ်တမ်းများ

### ကျေးရွာစီမံကိန်းမိတ်ဆက်ခြင်းနှင့်ကျေးရွာအစီအစဉ်ရေးဆွဲခြင်းအစည်းအဝေး

တက်ရောက်သူဦးရေ -    ကျား (၁၇) + မ (၁၂)    =    (၂၉) ဦး

အစည်းအဝေးမစတင်မီ တက်ရောက်သူအမည်စာရင်းများကို ကောက်ယူခဲ့ပါသည်။ ထိုနောက်မိတ်ဆက်ခြင်းအစီအစဉ်ပြုလုပ်ခဲ့ပြီး အစည်းအဝေးအစီအစဉ်များကို တင်ပြခဲ့ပါသည်။ အစည်းအဝေးအစီအစဉ်အရ ကျေးရွာအုပ်ချုပ်ရေးမှူးမှ အဖွင့်အမှာစကားပြောကြားပြီး အစည်းအဝေး၏ ရည်ရွယ်ချက်ကို လူထုစည်းရုံးရေးမှူး ဦးတီရယ်မှတင်ပြခဲ့ပါသည်။ ထို့နောက် လူထုစည်းရုံးရေးမှူး မှ ကော်မတီများ၏ တာဝန်နှင့်ဝတ္တရားများကိုရှင်းပြပြီး ၂၀၁၇ခုနှစ်တွင် တာဝန်ထမ်းဆောင် ခဲ့သော ကော်မတီများအားလုံးတို့ကို ကျေးရွာလူထုထံမှ သဘောတူညီချက်အရ ကန့်ကွက်ခြင်းမရှိပါသဖြင့် ယခင်နှစ်ကော်မတီများကို ဆက်လက်ခန့်အပ်ရန်နှင့် ခရီးလွန်သွားသူများကို ပြန်လည်အစားထိုးခဲ့ပါသည်။

ဆက်လက်ပြီး လူထုစည်းရုံးရေးမှူးဦးနေဒီထူးမှ PRAတစ်ခုချင်းစီ၏ ရည်ရွယ်ချက်များကို ရှင်းပြခဲ့ပါသည်။ ထိုနောက် PRAတစ်ခုချင်းစီကို အဖွဲ့လိုက် ဆွေးနွေးပြုလုပ်ကြပြီး တင်ပြဆွေးနွေး ခဲ့ပါသည်။ ထို တင်ပြဆွေးနွေးချက်များ အားလုံးတို့ကို လူထုစည်းရုံးရေးမှူးဦးတီရယ် မှ ပြန်လည်အနှစ်ချုပ် ပေးခဲ့ပါသည်။ ထို့နောက်ကျေးရွာ၏အခက်အခဲပြဿနာနှင့် နောင်လာမည် (၅)နှစ်မျှော်မှန်းချက်တို့ကို ဆွေးနွေတင်ပြခဲ့ပါသည်။

ဆက်လက်ပြီး စီမံကိန်းနှင့် အကျုံးဝင်၊ မကျုံးမဝင်များတို့ကို လက်ထောက်နည်းပညာမှူး ဒေါ်မိုးအိငြိမ်းမှ ဆွေးနွေးတင်ပြခဲ့ပါသည်။ ထိုနောက် ကျေးရွာလူထုများမှ ဦးစားပေးလုပ်ငန်းများကို အများသဘောတူညီချက်ဖြင့် အစဉ်လိုက်ရွေးချယ်ခဲ့ကြပါသည်။ ဆက်လက်ပြီး ဝေဖန်အကြံပြုတိုင်ကြား ဖြေရှင်းရေး နှင့်ပတ်သက်၍ လူထုစည်းရုံးရေးမှူး ဦးတီရယ်မှ ရှင်းလင်းတင်ပြခဲ့ပြီး ကျေးရွာစီထောက် ဥက္ကဌမှ တက်ရောက်သူများ အားလုံးတို့ကို ကျေးဇူးတင်စကားများ ပြောကြားပြီး အစည်းအဝေး အစီအစဉ်ကို ရုတ်သိမ်းလိုက်ပါသည်။

အစည်းအဝေးမှတ်တမ်းတင်သူ - ဦးတီရယ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူများ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၁ | ကျေးရွာလူမှုရေးပြသယံဇာတပြမြေပုံ<br><br>(Socila map/ Resources Map) | ၂၆-၁၀<br>၂၀၁၇ | ရပ်မိရက်ဖ၊ ကော်မတီဝင်၊ ကျေးရွာလူထု များအားလုံး | ၁၇ | ၁၂ | ၂၉ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦများ၊ လုပ်ပန်းဆက်သွယ်ရေးအခြေ အနေ၊ လယ်ယာမြေများ၊ ရေထွက်ပေါက်၊ ရေလှောင် ကန်၊ သစ်တောများ |
| ၂ | လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း<br><br>(Wealth Ranking) | ၂၆-၁၀<br>၂၀၁၇ | ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ | ၁၇ | ၁၂ | ၂၉ | ကျေးရွာလူမှုစီးပွားရေးကို အုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများ သတ်မှတ်ရန် အများလူထု သဘောတူသတ်မှတ်ခြင်း |
| ၃ | ကျား/မရေးရာ ကဏ္ဍ<br><br>(Access Mapping) | ၂၆-၁၀<br>၂၀၁၇ | ကျေးရွာအတွင်းရှိ အမျိုးသားနှင့် အမျိုးသမီးများ | ၁၇ | ၁၂ | ၂၉ | ကျေးရွာအတွင်းရှိအရင်းအမြစ်၊ ပိုင်ဆိုင်မှု၊ အခြေခံအဆောက်အ ဦးစသောလုပ်ငန်းများကို ဘယ်သူတွေက အသုံးပြု၊ ထိမ်းချုပ်နေသလဲဆိုတာကို ဆွေးနွေးမှုများ ပြုလုပ်ခြင်း |
| ၄ | ပင့်ကူအိမ် ကွန်ယက်<br><br>(Spider Web) | ၂၆-၁၀<br>၂၀၁၇ | အမျိုးသားများနှင့် အမျိုးသမီးများ၊ ကျေးရွာလူထု | ၁၇ | ၁၂ | ၂၉ | အမျိုးသားများနှင့်အမျိုးသမီးများ တန်းတူအခွင့်အရေးရရှိမှုနှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၅ | အဖွဲ့အစည်းချိတ်ဆက်ပုံ<br><br>(Venn Diagram) | ၂၆-၁၀<br>၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ ကျေးရွာစီထောက်အဖွဲ့၊ ကျေးရွာလူထု | ၁၇ | ၁၂ | ၂၉ | ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များ ချိတ်ဆက်လုပ်ကိုင်မှုရှိခြင်း |
| ၆ | ရာသီခွင်ပြ ပြက္ခဒိန်<br><br>(Seasonal Calender) | ၂၆-၁၀<br>၂၀၁၇ | ကော်မတီဝင်များ၊ အမျိုးသမီး/သားဆင်းရဲနွမ်းပါးသူ | ၁၇ | ၁၂ | ၂၉ | စိုက်ပျိုးရိတ်သိမ်းကာလ (တောင်ယာ၊လယ်ယာ)၊ စီးပွားရေး/ငွေရှာ (အရောင်းအဝယ်)၊ ပွဲတော်ချိန်၊ မိုးများကာလ၊ ကျန်းမာရေးဆိုးကာလ၊ ဝင်ငွေအကောင်းဆုံး ကာလ၊ အလုပ်ပါးကာလ၊ ရေရှားကာလ |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူများ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၇ | အခက်အခဲ/ပြဿနာ<br><br>(Problem) | ၂၆-၁၀<br>၂၀၁၇ | အမျိုးသမီး/သား၊<br>လူထုအားလုံး | ၁၇ | ၁၂ | ၂၉ | ငွေကြေးအရင်းအနှီးမရှိ၊<br>လမ်းပန်းဆက်သွယ်ရေး၊ မီးလင်းရေး<br>ရေလုံလောက်မှုမရှိ<br>ဖုန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊<br>ပညာရေး၊ စီးပွားရေး၊<br>စည်းလုံးခြင်းမရှိ။ |
| ၈ | ကျေးရွာ၏( ၄ )နှစ်စာ<br>မျှော်မှန်းချက်များ<br><br>(Village visions) | ၂၆-၁၀<br>၂၀၁၇ | ကျေးရွာလူထု<br>အားလုံး | ၁၇ | ၁၂ | ၂၉ | စီးပွားရေးပိုမိုကောင်းမွန်လာရန်၊<br>ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး၊<br>ဘာသာရေး ပိုမိုကောင်းမွန်လာ၊<br>ကျေးရွာစည်းလုံးခြင်း<br>ပိုမိုကောင်းမွန်လာ၊<br>စားဝတ်နေရေးပိုမိုအဆင်ပြေလာ |
| ၉ | ကျေးရွာဖွံ့ဖြိုးရေး<br>လုပ်ငန်းစဉ်များ<br>(Village Approve<br>Vision) | ၂၆-၁၀<br>၂၀၁၇ | ရွာလူထု အားလုံး | ၁၇ | ၁၂ | ၂၉ | လမ်း(ကတ္တရာ)၊ မီး(လျှပ်စစ်မီး)၊<br>ခန်းမဆောင်၊ ရေလှောင်ကန်၊<br>ရေငုတ်/ပိုက်၊ စာသင်ကျောင်း တိုးချဲ့ |
| ၁၀ | ကျေးရွာဦးစားပေး<br>လုပ်ငန်းစဉ်များ<br><br>(Village Object<br>Vision) | ၂၆-၁၀<br>၂၀၁၇ | ရွာလူထု အားလုံး | ၁၇ | ၁၂ | ၂၉ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ် အဆင့်<br>သတ်မှတ်ခြင်း၊ တိုင်းတာခြင်း၊<br>ခန့်မှန်းကုန်ကျငွေ တွက်ချက်ခြင်း၊<br>အကျိုးခံစားခွင့် ရှိသူလူဦးရေ |
| ၁၁ | ကျေးရွာသမိုင်း<br>အကျဉ်းချုပ်<br><br>(Village History) | ၂၆-၁၀<br>၂၀၁၇ | အမျိုးသမီး/သား၊<br>လူထုအားလုံး | ၁၇ | ၁၂ | ၂၉ | ကျေးရွာစတင် တည်ထောင်သည့်<br>ခုနှစ်၊ အိမ်ခြေ၊ လူဦးရေ၊ လူမျိုး၊<br>ဘာသာစသော ကျေးရွာသမိုင်း<br>အချက်အလက် အဆင့်ဆင့်များ ကို<br>ဖော်ထုတ်ခြင်း |